
အောင်မြင့်
စာပေ
လုံးချင်းဝတ္ထုသစ်
မြပုလဲခင်
အချစ်ရှင်းတမ်း
ပန်းချီ သိန်းဆွေကြည်
၂၀၀၉

# အပိုင်း (၁)
## အခန်း(၁)

"အား ..."

ခေါင်းပြတ်ကြီး။ လိပ်ပြာလွင့်ထွက်မတတ် လန့်သွားသည် ။ ခြေလှမ်းတို့ သည် ရုတ်ခြည်းရပ်ဆိုင်းသွား၏။

မိမိနှင့် လေးငါးလှမ်းအကွာ သဲပွင့်များ အကြားဝယ် ပြုံးနေသော မျက်နှာတစ်ခု တွေ့လိုက်ရခြင်းကြောင့်ပင်။ ခေါင်းပြတ်ကြီးလိုလိုအမြင်ကြောင့် နှလုံးခုန်သံ ရပ်ဆိုင်းသွားပြီလား။ တစ်ကိုယ်လုံး ပျံ့နှံ့နေသော သွေးကြောတို့ သည် ရေခဲမြစ် ဖြစ်သွားပြီလား။

ဘာဆို ဘာမှ မသိတော့။ သည်းခြေပျက်လုမတတ် တုန်လှုပ်ချောက်ချားမှုကြောင့် ပကတိ ကျောက်ရုပ်အသွင်ပြောင်းနေစဉ် ...

"ဟိတ် ... ဟိတ်"

ခေါင်းပြတ်မှ နှုတ်ခမ်းများ ပွင့်အာလာကာ အသံထွက်လာသည် နှင့် တစ်ပြိုင်နက် သဲပွင့်များမှာ လည်း အပေါ်သို့ ကြွတက်လာသည် ။ ပိုမိုထိတ်လန့်အံ့သြမှုကြောင့် မျက်လုံးအစုံ ပြူးကျယ်လာကာ ဟစ်အော်လိုက်သည် ။ သို့သော် အသံတို့ သည် ကြောက်လန့်မှုအရှိန်အောက်တွင် မေးမှန်ပျောက်ကွယ်နေဟန်ရှိသည် ။

“ဟိတ် … လန့်မသေလိုက်နဲ့ ဦး၊ လူ … လူပါကွ”

ဖွာခနဲ ဖွာခနဲ ကျဆင်း လွင့်စဉ်သွားသော သဲပွင့်များ အောက်မှ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းသည် ရုန်းထလာကာ လူသားတစ်ဦးအသွင် မိမိရှေ့တွင် မားမားကြီး ရပ်တည်နေလေပြီ။

“ကျွန်တော် သရဲမဟုတ်ပါဘူး၊ လူပါ … လူ”

ပြုံးပြုံးရယ်ရယ်အသွင်ဖြင့် ပြောဆိုပြီး သူ့ခန္ဓာကိုယ်၌ သံယောဇဉ်ငြိတွယ်စွာ ကပ်ငြိနေသော သဲပွင့်တို့ ကို တဖျပ်ဖျပ်ခါထုတ်ရင်း ပြောလိုက်သည် ။

ယခုမှ အခြေအနေအရပ်ရပ်ကို သဘောပေါက်ကာ ပင့်သက်မောတစ်ချက်နှင့်အတူ ထိတ်လန့်မှုကို မောင်းနှင်ပစ်လိုက်သည် ။ လူတော့လူပါပဲ။ ဒါပေမဲ့ ဘယ်လိုလူလဲ။

“ပျင်းလို့ ကစားနေတာပါဗျာ၊ ခင်ဗျား သိပ်လန့်သွားသလားဟင်၊ သိပ်လန့်သွားရင် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ”

ရည်မွန်သောအပြောကြောင့် ပြန်၍ ပင် အားနာသွားရသည် ။ မိမိကိုယ်ကိုယ် အသည်းငယ်တတ်ရန်ကောဟူ၍ ပင် အပြစ်တင်ချင်သွားသည် ။ ပြုံး၍ ခေါင်းကိုခါကာ …

“ကိစ္စမရှိဘူး … ရပါတယ်”

ဟု တုံ့ပြန်လိုက်မိသည် ။

တစ်ဆက်တည်း ရေကူးဘောင်းဘီတိုလေးမှ တစ်ပါး မည်သည့်အဝတ်အစားမှ မဝတ်ထားသော သူ့ခန္ဓာကိုယ်ကို သတိပြုမိလိုက်သဖြင့် မျက်နှာတစ်ပြင်လုံး ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်သွားသည် ။

ရှေ့ဆက်လျှောက်ရကောင်းမလား၊ နောက်လှည့်ပြန်ရကောင်းမလားဟူသော အတွေးအတွက် ဆုံးဖြတ်ချက်က မပီပြင်သေး။ ပတ်ဝန်းကျင်အရပ်ရပ်ကို ကြည့်မိပြန်တော့လည်း ...

ရွှန်းမြမြသာနေသော လပြည့်ဝန်း။

လရောင်၏ ချော့သိပ်မှုအောက်ဝယ် ငြိမ်သက်စွာ လဲလျောင်းနေသော သဲပွင့်ကော်ဇော။

ဇာအနား လှိုင်းတွန့်ကလေးများ ဖြင့် ပုံဖော်ထားသော ငွေပင်လယ်ပြင်ပြင်လီ။

ငိုက်မျဉ်းနေသော အုန်းပင်ကြီးများ နှင့် ပင်ကြီးအချို့။

အိပ်မောကျနေသော တည်းခိုရိပ်သာများ ။

အို ... တစ်လောကလုံး အိပ်မောကျနေပါလား။ ညဉ့်နက်သန်းခေါင်ဆိုတာ လူသားအိပ်ချိန်ပေပဲ။ သဘာဝကို လွန်ဆန်၍ စိတ်အလိုတိုင်း မိမိလျှောက်လုပ် နေပါလား ဟူသောအသိ ဝင်လာသည် ။ တစ်ဆက်တည်း မိမိလိုလူ ရှိသေးပါလားဟူသောအသိကြောင့် တုန်လှုပ်သွားသည် ။

စိုးထိတ်မှု ထပ်မံဝင်ရောက်လာသဖြင့် နောက်ကြောင်းပြန်လှည့်ရန်ပြင်လိုက်သည် ။

“ဟာဗျာ ... နေဦး”

အသံတင်မက ဘယ်ဘက်လက်မောင်း တင်းခနဲနေအောင် ဆုပ်ကိုင်ထားခြင်း ခံလိုက်ရ သဖြင့် ...

“လွှတ် ... လွှတ်စမ်း ... ရမ်းလှချည်လား”

ဒေါသဖြင့် ဆောင့်ရုန်းလိုက်သည် ။ သို့တိုင်အောင် သန်မာသော သူ့လက်အောက်က လွတ်မလာ။

"တောင်းပန်ပါတယ်ဗျာ ... ခဏလေးပါ။ စကားပြောချင်လို့ ပါ။ လွှတ်ပေးလိုက်လို့ ရှိရင် ခင်ဗျားမပြန်ပါနဲ့ ဦးဗျာ၊ ကတိပေးပါ၊ ဒါဆိုရင် လွှတ်ပေးမယ်"

မတွေးဆတတ်သော အခြေအနေကြားမှ သူ့ပုံစံသည် လူရမ်းကား မဖြစ်နိုင်ပါဘူးဟု ဆုံးဖြတ်ပြီးသား ဖြစ်နေသဖြင့် ...

"ကဲ ... ကြာကြာတော့ မနေနိုင်ဘူးနော်၊ ဖြည်းဖြည်း လျှောက်ပြန်ရင်း နားထောင်မယ်"

သက်ပြင်းတစ်ချက်နှင့်အတူ သူ့လက် ပြန်ရုပ်သိမ်းလိုက်သည် ။ ထို့နောက် မိမိဘေးမှ ယှဉ်လျှောက်ရင်း ...

"ဘာဖြစ်လို့ ညကြီးတစ်ယောက်တည်း ဆင်းလာရတာလဲ"

စိတ်ထဲမှ ကျိတ်၍ ရယ်လိုက်မိသည် ။

"မင်းကကော ဘာဖြစ်လို့ မဟုတ်တရုတ်တွေ လျှောက်လုပ်နေရတာလဲ"

"ပျင်းလို့ ရေကူးတယ်၊ မောလာတော့ လှဲရင်း နားနေရာက ချမ်းစိမ့်စိမ့် ဖြစ်နေတာနဲ့ သဲပွင့် စောင်ခြုံကြည့်တာ"

"သဲပွင့်စောင်"

သူ့စကားကို သဘောကျစွာ သံယောင်လိုက်ကာ ပြုံးမိသွားသည် ။ သူ့ခန္ဓာကိုယ် ထွားထွားကြီးနှင့် မလိုက်ဖက်အောင် စိတ်ကူးယဉ်နုနုလေးနှင့် သူစိမ်းလေးကို ဘေးတိုက် အနေအထားကပင် မသိမသာ အ

ကဲခတ်လိုက်သည် ။ လူချောလေးပဲဟု စိတ်တွင်း ကောက်ချက်ချလိုက်၏။

"သဲပွင့်စောင်ခြုံတော့ နွေးသွားရောလား"

"ထွေးထွေးနွေးနွေးလေး ခံစားရတယ်၊ ချစ်သူရဲ့ တယုတယ ပိုက်ထွေးခံရသလိုမျိုး ထင်တယ်၊ အဟက် ... အထင်ပြောတာနော်၊ လက်တွေ့မရှိခဲ့ဖူးတော့ အထင်နဲ့ ရမ်းတုတ်ကြည့်တာ"

"လူလည်လေးပဲ ... သူ့မှာ ချစ်သူမရှိကြောင်း ကြေညာနေပြန်ပြီ"

"ခင်ဗျားလည်း လူလည်မကျနဲ့ ဗျာ၊ ကိုင်း ... ပြောပါဦးဗျာ၊ ခင်ဗျားအကြောင်း ဘာဖြစ်လို့ တစ်ယောက်တည်း လျှောက်လာရတာလဲ"

"အဟင်း ... ဟင်း ... သူအိပ်နေလို့ ကွ၊ တို့ တွေက သဘာဝရဲ့ အလှကို အပြည့်အဝ ခံစားချင်လို့ ဆင်းလာတာပါ၊ သူ့ကိုမနှိုးရက်တာလည်း ပါတယ်လေ"

"သူ ... သူဆိုတာ"

"တို့ တွေ ခင်ပွန်းလေ"

စိတ်ထဲ၌ အပျော်ဖွဲ့နေသည် ။ အိုးတိုးအန်းတန်းနှင့် မယုံကြည်နိုင်သကဲ့သို့ မိမိအား အကဲခတ်နေသော ကိုလူချောကိုကြည့်ကာ ရယ်ချင်စိတ်ကို မျိုသိပ်ကာ ...

"သူက လက်တွေ့သမား၊ တို့ တွေက စိတ်ကူးယဉ်သမား၊ ကြည့်စမ်းပါဦး ... ဒီလောက်လှတဲ့ ညချမ်းလေးကို ဥပေက္ခာပြုအိပ်စက်ရမှာ နှမြောစရာ ကောင်းလိုက်တာ"

မြင်ကွင်းထဲမှ အိပ်မက်မင်းသားလေး ပျောက်သွားမှ တံခါးကို အ

သာပြန်ဖွင့်ကာ ဘန်ဂလိုပေါ်မှ ပြန်ဆင်းခဲ့သည် ။ ခြံဝင်းအတွင်းရှိ ပုန်းညက်ပင်ကြီးအောက်မှာ အသင့်ချထားသော အုန်းသား ပက်လက်ကုလားထိုင်ဝယ် ထိုင်ချလိုက်သည် ။

မျက်နှာရှေးရှုရာ၌ သောင်ခုံနှင့် ပင်လယ်ပြင်ကြီးကို ငေးမောကြည့်နေမိသည် ။ လရောင်ကို သောက်သုံးရသဖြင့် ကျေနပ်ဟန်တူသော ပင်လယ်ကြီး၏ ရယ်သံသည် တအုန်းအုန်းတဝုန်းဝုန်း။ သော်တာလမင်းကလည်း ငွေပင်လယ်ထဲ ရေချိုးဆင်းရန် တာစူနေလေပြီ။ ညဥ့်ငှက်အော်သံလေးများကလည်း ညဥ့်ကိုဖောက်ထွင်းကာ အားဖြည့်ပေးနေသည် ။

“ပတ်ဝန်းကျင်၏ သဘာဝတရားတို့ က လှလေလေ အကျည်းတန်နေသော အထီးကျန် နှလုံးသားမှာ ပို၍ စူးရှနာကျင် ခံစားရလေလေပါလား”

ပါးပြင်၌ ပုလဲမြစ် ဖြစ်ထွန်းနေကြောင်း သိသော်လည်း တားဆီးရန် မကြိုးပမ်းတော့။ တစ်ခါတစ်ရံ သောကပြည်တည်နေသော အထီးကျန်နှလုံးကို ငိုခြင်းဟူသောအပ်ဖြင့် ဆွပေးခြင်းအားဖြင့် အနာသက်သာစေနိုင်သည် ဟု ထင်မိသည် ။

ငပလီရွာလယ် ဘုန်းတော်ကြီးကျောင်းမှ ကုလားတက်ခေါက်သံကြားနေရပြီ။ မကြာမီ ရောင်နီပျို့တော့မည် သိပါလျက် နေရာက ရွေ့လျားရန် သတိမရ။

လမင်းကြီးတောင် ငပလီပင်လယ်ထဲ ရေချိုးဆင်းနေပါပြီကော။

*

# အခန်း(၂)

"ကိုယ်တွေကလည်း ချစ်ချစ်တောက် ပူလို့ ပါလား၊ ဒုက္ခပါပဲ"

နဖူးပေါ်သို့ ကျရောက်လာသော နူးညံ့သည့် အထိအတွေ့နှင့်အတူ ဒေါ်လေး၏ စိုးရိမ်သံကြောင့် မိမိဖျားနေပြီဟု သဘောပေါက်လိုက်သည် ။ အုံခဲနေသောခေါင်းကို ထူမကာ ထိုင်လိုက်ရင်း

"ဆေးသောက်ရအောင် ကော်ဖီနဲ့ ရေနွေးသာ ယူပေးပါ ဒေါ်လေး"

"အေး ... အေး"

ရောင်နီပျို့လာမှ အိပ်ရာထဲ ခဏဝင်လာမှ ဝိန်းနေရာမှ မေးခနဲအိပ်ပျော်သွားသည် ။ ခုနှစ်နာရီစွန်းရုံသာ ရှိသေးသည် ။ အဖျားကလည်း ချက်ချင်းဝင်ရသလားဟု မိမိကိုယ်ကိုယ် မကျေမချမ်းဖြစ်မိပြီး တစ်ဆက်တည်း ငိုချင်စိတ်ပင် ပေါက်သွားသည် ။ တစ်ပတ်သာရခဲ့သော အချိန်လေး၌ အဖျားရက်က အပန်းဖြေရက်ကို ဘယ်နှရက်များ လုယူသွားမှာ လဲ။ ညနေမှ မသက်သာရင်တော့ ဆေးခန်းတစ်ခုခု သွားပြရမည်။

"လာပါ ဆရာလေး၊ ရဲရဲသာ ဝင်ပါ"

စိတ်ဓာတ်ကျစွာ ငိုင်တွေနေစဉ် အသံဗလံများ နှင့်အတူ ခန်းဆီးလှပ်ကာ ဝင်လာသူကြောင့် ရင်ခုန်နှုန်းထား မြင့်သွားသည် ။

"သူ ... သူ ... ညက အိပ်မက်ထဲက လူပါလား"

"မလတ် ဖျားတော့ ငါတို့ လည်း ဘာမှ မလုပ်တတ်၊ ဒါနဲ့ ငွေစင်ရော်မှာ ဆရာဝန်လေး ရောက်နေတယ်ကြားလို့ ငါသွားခေါ်ခဲ့တာ"

သူ့နောက်ပါးမှ ပုရှည်ပါ လိုက်ဝင်လာသည် ။

"ဆရာလေးက မလတ်သူငယ်ချင်းဆိုပြီး ချက်ချင်းထလိုက်လာတာပဲ"

ပုရှည်အပြောကြောင့် သူ့ကို အံ့သြစွာကြည့်လိုက်စဉ် မိမိကို မျက်စိတစ်ဖက် လှစ်ခနဲ မှိတ်ပြပြီး ...

"သူငယ်ချင်းမှ အရင်းခေါက်ခေါက်ကြီး၊ ဒါပေမဲ့ ဒေါ်မြပုန်းညက်က ရှေ့နေရင့်မကြီးဆိုပြီး မာနက ခပ်ကြီးကြီးဗျ"

"ဘာတွေလဲ ... ဘာတွေလာပြောနေတာလဲ"

ဟု ကြုံးအော်လိုက်ချင်သည် ။

"လူကို သိလျက်နဲ့ မသိသလို လုပ်မနေနဲ့ မြပုန်းညက် ... မှန်းစမ်း"

ပိုင်စိုးပိုင်နင်းနှင့် သူ့လက်ကြီးက မိမိနဖူးပေါ် ထိကပ်လာသောအခါ လက်ကိုပုတ်ထုတ်ပစ်ကာ ...

"ဖယ်စမ်းပါ ... အကြောင်းလာရိုက်မနေနဲ့ "

"ဟဲ့ .. ဟဲ့ .. ဆရာဝန်ကို မရိုမသေ ဘယ်လိုလုပ်လိုက်တာလဲ၊ အဲဒါကြည့်တော့ ဒေါက်တာ့သူငယ်ချင်းက ကလေးဆိုးလိုပဲ"

ဒေါ်လေးက အားနာစွာ ပျာပျာသလဲ ပြေရာပြေကြောင်း ဖာထေးရာသည် ။

"ကိစ္စမရှိရှာပါဘူး ဒေါ်လေး၊ သူက ကျွန်တော့်ကို ငယ်နိုင်ခင်ဗျ"

လက်ကို ဖမ်းဆုပ်ကာ လက်ကောက်ဝတ် အဖျားသွေးတိုင်းသည် ကို

တော့ ဆောင့်ရှန်းချင်သည့်ကြားက ဒေါ်လေး၏ မျက်စောင်းအဝင့်ကို တွေ့လိုက်ရ၍ ငြိမ်နေလိုက်ရသည်။

"ဟန်ဒရက်အင်တူးလောက်ပဲ ရှိပါတယ်၊ ဒေါ်လေးတို့ ကို ခွဲချင်တာက ခပ်များများကြောင့် ဖြစ်မှာ ပါ"

"ဒါဖြင့် မကုနဲ့ ... သွားတော့"

အသည်းယားစရာကောင်းသော သူ့စကားကြောင့် စိတ်ပေါက်ပေါက်နှင့် အော်ထုတ်ပစ်လိုက်သည်။ ဒါကိုပင် အပြုံးမပျက်။

"ဆေးထိုးရအောင် ဇလုံသန့်သန့်လေးနဲ့ ရေနွေးထည့်ခဲ့ပေးပါလား ပုရှည်"

"မယူနဲ့ ပုရှည်၊ မြပုန်းညက် ဆေးမထိုးဘူး"

"ကလေးလား ... မနာပါဘူး၊ သာသာလေး ထိုးပေးမယ်နော် ကလေး"

စပ်ဖြဲဖြဲမျက်နှာကြောင့် မျက်စောင်းဝင့်ပစ်လိုက်သည် ။ အုံခဲနေသော ခေါင်းသည် ပင် ပျောက်ချင်ချင်။

"မြပုန်းညက် အဖျားမပျောက်သေးရင် ညဘက် တစ်ယောက်တည်း လမ်းမလျှောက်ရဘူးနော်၊ ဆေးမှန်မှန်သောက်ရမယ်၊ ဆေးကိုလည်း သုံးလုံးတော့ ပြည့်အောင် ထိုးရမယ် ... ကြားလား"

ဒေါ်လေးအကူအညီဖြင့် ဆေးထိုးပေးရင်းမှ သူက စကားရှည်နေသည်။ ဆရာဝန်နှင့် လူနာပါဟူသောအသိ ထားသည့်ကြားကပင် ရှက်ရွံ့မှုဝေဒနာနှင့်အတူ ရင်ခုန်နေသည်။

"ဒါထက် ခင်ပွန်းသည် ကော အိပ်တုန်းပဲလား၊ ဇနီးတစ်ယောက်လုံး

ဖျားနေတာ ပစ်ထားသလား”

“ရှင့်အပူ မပါဘူး”

ညကစကားအပေါ် ချေပလာမှုကို ဘုတောလိုက်ရင်း စောင်ကို ရင်ဘတ်အထိ ဆွဲဖုံးကာ တစ်ဖက်သို့ စောင်းအိပ်ပစ်လိုက်သည် ။

“သွားမယ် မြပုန်းညက်၊ ခင်ဗျားအပါးမှာ ကောင်းမွန်ဆိုတဲ့ ဆရာဝန်ပေါက်စ အမြဲရှိနေတယ်ဆိုတာ မြဲမြဲမှတ်ထားနော်၊ ကဲပါ စိတ်ကောက်မနေပါနဲ့ ၊ ထ … နွားနို့နဲ့ ဆေးသောက်ပြီးမှ ပြန်အိပ်လိုက်၊ ဒါမှ နိုးလာတာနဲ့ အဖျားပျောက်သွားမှာ ”

“ဟုတ်သားပဲ သမီးရယ်၊ နို့နဲ့ ဆေးသောက်လိုက်ပါဦးလား”

“ဆရာလေးပဲ ရအောင်တိုက်သွားမှ ဆရာလေးသူငယ်ချင်းက ခေါင်းမာတယ်ဝေ့”

ဒေါ်လေးနှင့်ပုရှည်ကို မိမိစိတ်မရှည်ချင်တော့။ သူတစ်ပါးစကားကို လွယ်လင့်တကူ ယုံလွယ်ခြင်းကို ဒေါသဖြစ်မိသည် ။ သူစိမ်းကို အားကိုးနေလိုက်တာ အမြင်ကတ်လာသဖြင့် သူတို့ ဘက် ပြန်လှည့်ကာ …

“ဒါဖြင့် ဒေါ်လေးတို့ သွားတော့၊ ကောင်းမွန်ပဲ နေခဲ့တော့”

“အေး … ကောင်းသားပဲ၊ ပုရှည်က ရခိုင်မုန့်တီချက်နေတာ၊ ဒေါက်တာ စားနိုင်အောင် သွားဝိုင်းလုပ်လိုက်ဦးမယ်”

ဒေါ်လေးက မိမိအပြောကို သဘောရိုးရိုးဖြင့် ပြောဆိုပြီး ထွက်သွားလေသည် ။ ပုရှည်ကလည်း ကောက်ကောက်ပါအောင် လိုက်သွားလေရာ မိမိမှာ ကိုယ့်အတတ်ကိုယ်စူးကာ မျက်လုံးဝိုင်းကြီးဖြင့် သူ့ကိုမော့ကြည့်ရင်း ထိုင်လိုက်မိသည် ။ သူက တိုးတိတ်စွာ ရယ်မောရင်း …

“အဟင်းဟင်း … မြပုန်းညက်ရယ်၊ တကယ့်ကလေးလိုပါပဲလား”

နွားနို့ကို ပန်းကန်ပြားထဲ ငှဲ့ထည့်ကာ မှုတ်ပေးနေပြန်သည် ။ မျက်ခုံးအဖျားနှစ်ဖက်တွင် ဖွေဟု ခေါ်သည့်အရာများကြောင့် ကော့ပျံ၍ နေသည် ။ စင်ရော်တောင်မျက်ခုံးဆိုတာ ဒါမျိုးလား။ အကြည့်လွှဲကာ …

“ရှင် ကျွန်မကို ဘယ်လိုသိသွားသလဲ”

“လွယ်ပါတယ် … ကျွန်တော်နေတဲ့ ငွေစင်ရော်က ဘန်ဂလိုစောင့်ကို မေးမြန်းစုံစမ်းကြည့်လိုက်တာပါ၊ ဒီတိမ်ပြာက ခင်ဗျားတို့ ပိုင်တာတဲ့ ၊ ခင်ဗျားနာမည်နဲ့ အလုပ်အကိုင်တောင် ပြောပြလိုက်သေးတယ်၊ ဒါကြောင့်သိတာ၊ မနက်ရောက်တော့ အိပ်ကောင်းတုန်း ရှိသေးတယ်၊ ပုရှည်ရောက်လာတာနဲ့ ထလိုက်လာတာ”

“အဲဒါ ရိုးရိုးတန်းတန်း ဆရာဝန်အနေနဲ့ လာလည်း ရရဲ့ သားနဲ့ ဘာဖြစ်လို့ သူငယ်ချင်း တော်စပ်ပစ်ရတာလဲ”

“ခင်ဗျားက ညက ကျွန်တော့်ကို ညာသွားတာကို သတိရပြီး ကျွန်တော်ကလည်း ပြန်ညာလိုက်တာ၊ အမှန်တော့ မိန်းမသားချည်းဖြစ်နေတဲ့ အတွက် ဒေါ်လေးတို့ လည်း စိတ်မပူရအောင်၊ နောက်လည်း အဝင်အထွက်ကောင်းအောင် သူငယ်ချင်း တော်စပ်ပစ်တာပါ … မကျေနပ်ဘူးလား”

“မကျေနပ်ဘူးဆိုရင် ရှင်က ဖြေရှင်းပေးမှာ မို့လို့ လား၊ အရေးမစိုက်ပါဘူး”

သူက တစ်ချက်ပြုံးလိုက်ပြီး စားပွဲပေါ်မှ ဆေးပြားသုံးပြားကို ယူကာ သူ့လက်ထဲ ထည့်ပေးရင်း …

“ကျွန်တော်ကတော့ အရေးစိုက်တယ်၊ ဂရုစိုက်တယ်၊ အလေးထား

တယ်၊ ခင်ဗျားစိတ်ဆိုးတာ မခံချင်ဘူး၊ ကဲ ... သောက် လိုက်လေ”

နွားနို့ပန်းကန်ပြားကို ပါးစပ်နား ကပ်ပေးသဖြင့် ဆေးကို ပါးစပ်ထဲ ပစ်သွင်းပြီး နွားနို့နှင့် မျှောချလိုက်သည် ။ ရင်မှာ နွေးထွေးစီးဝင်သွားသည် ။

စူးနစ်စွာကြည့်နေသော အနီးကပ်ရှိ ဒေါက်တာကောင်းမွန်၏ မျက်နှာချောချောကို သတိထားမိပြန်တော့ ရင်မှာ တလှပ်လှပ်ဖြစ်လာသည် ။ မိန်းမသားများ သည် အယုအယ ခံချင်တတ်သည် မှန်သော်လည်း ယုယသူမှာ မိမိချစ်သူ မဟုတ်ပါလားဟူသော အသိကြောင့် ဝမ်းနည်းသွားသည် ။

“ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ မြပုန်းညက်တစ်ယောက်တည်း နေပါရစေလား”

“ကောင်းပြီ ... အိပ်ပျော်အောင် အိပ်လိုက်နော်၊ နေ့လယ်ကျရင် တစ်ခေါက်ထပ်လာခဲ့မယ်”

ခေါင်းညိတ်မိသလား မညိတ်မိသလားကို မိမိဘာသာမသိလိုက်။ ဝေးရာမှ ပျောက်ကွယ်သွားသော ကျောပြင်ကို ငေးရင်း ကျန်ခဲ့သည် ။

အဖျားကြောင့် ထင်ပါသည် ။ ရင်မှာ မောဟိုက်ကျန်ခဲ့သည် ။ မိမိဘဝထဲသို့ ဖြုန်းစားကြီး ရောက် လာပြီး ငယ်ပေါင်းကြီးဖော်လို ရင်းနှီးမှုမျိုးက ဘာကြောင့် ဖြစ်ပေါ်လာရသလဲ။ စိတ်မောလိုက်တာ ဒေါက်တာကောင်းမွန်ရယ်။

* * * * *

“အို”

နိုးလာချိန်၌ လန်းဆန်းကြည်လင်နေသည် ။ ဒေါက်တာကောင်းမွန်

ပြောသွားသကဲ့သို့ အဖျားပျောက်နေပြီ။ မျက်နှာသစ်အဝတ်လဲကာ အခန်းတွင်းမှ ထွက်လာစဉ် ဧည့်ခန်း ဒရင်းဘက်ပေါ်၌ အိပ်ပျော်နေသော ဒေါက်တာကောင်းမွန်ကို တွေ့လိုက်ရသဖြင့် စိတ်လှုပ်ရှားသွားသည် ။ သူလည်း ညက မအိပ်သူဆိုတော့ အိပ်ပျက်ရှာမှာ ပဲ။ စာနာစိတ်ကလေးဖြင့် ခြေကို ခပ်ဖွဖွလေး နင်းကာ ဒေါ်လေးတို့ ရှိမည့် နောက်ဖေး မီးဖိုဘက်သို့ ဆင်းလာခဲ့သည် ။

"နေကောင်းသွားပြီလား သမီး၊ ခေါက်ဆွဲပြုတ် သောက်လိုက်နော်၊ ဒေါက်တာ ဝယ်လာပေးတာလေ၊ ဒေါ်လေး လုပ်လိုက်မယ်"

ရယ်ဒီမိတ် ခေါက်ဆွဲထုပ်များကို တွေ့လိုက်ရသည် ။ ခက်နေပါလား ။ ဆေးလာကုပေးရုံမက အစားအစာပါ ဝယ်ပို့ပေးနေပါလား။ သူစိမ်းယောကျ်ားတစ်ဦးဆီမှ ကျေးဇူးတရားများ ပေါ်လာတတ်ပေသည် ။

"နေ .. နေ .. ဒေါ်လေး၊ မလုပ်နဲ့ ဆန်ပြုတ်ပေး၊ သူပေးတာ မသောက်ချင်ဘူး၊ ပြန်ပေးလိုက်၊ ခုလည်း ကြည့်ပါဦး၊ အိပ်နေလိုက်တာ သူ့အိမ်သူ့ရာ ကျနေတာပဲ ... အကျအန"

"ဟဲ့ ... ငရဲကြီးတော့မှာ ပဲ၊ ကိုယ့်ကို ကုပေးတဲ့ ဆရာဝန်ကို"

"ကြီးကြီး .. ကုကု၊ ဆေးဖိုးကိုလည်း မဖြစ်ဖြစ်တဲ့ နည်းနဲ့ ပြန်ပေးလိုက် ပုရှည်"

"ကျလည်း ကျလောက်ပါပေတယ် ဒေါ်မြပုန်းညက်၊ ခင်ဗျားက စေတနာကို စော်ကားတာပဲ"

အသံနှင့်အတူ ဘွားခနဲ ပေါ်လာသော ဒေါက်တာကောင်းမွန်ကြောင့် အိုးတိုးအမ်းတမ်း ဖြစ်သွားရသည် ။

"သူငယ်ချင်းအချင်းချင်း ခင်မင်မှုမှာ ဆေးဖိုးတွေ၊ ခေါက်ဆွဲဖိုးတွေ

ပါသလား၊ ပုရှည် ရေနွေးပေး”

ခေါက်ဆွဲကို သူကိုယ်တိုင် ပန်းကန်ထဲ ဖောက်ထည့်ကာ ရေနွေး လောင်းပြီး ပန်းကန်ပြားတစ်ချပ်နှင့် အုပ်ထားပေးသည် ။ နောက် ဆေးကို စားပွဲပေါ် တင်ပေးရင်း ...

“ကိုယ့်ကို ထင်ချင်သလို ထင်တော့ မြပုန်းညက်၊ မင်းမျက်နှာလေး လန်းနေတာကိုပဲ မြင်ချင်တယ်၊ မင်းဆီက ကိုယ်ဘာမှ မျှော်လင့်ပြီး ကု ပေးနေတာ မဟုတ်ဘူး ၊ အဟက် ... ဆမလက်မှတ်ရပြီး ပိုစတင် မကျ သေးခင် လူနာဆို သိပ်ကုချင်နေတဲ့ ဆရာဝန်ပေါက်စ လက်တည့်စမ်း နေတာကို ပါရမီဖြည့်တဲ့ အနေနဲ့ သဘောထားကြီးကြီးနဲ့ သာ လက်ခံ ပေးပေါ့ ဟုတ်လား”

“ဟုတ်ကဲ့ ... နားလည်ပါပြီ၊ အသက်ပါပျောက်အောင် လက်တည့်စ မ်းလည်း ရပါတယ်”

သူက မိမိခနဲ့ စကားကို နှစ်ခြိုက်စွာ ရယ်မောရင်း ...

“အသက်ပေးလို့ ပါရမီဖြည့်မယ်ပေါ့”

“ပေါ်ရဲလိုက်တာ”

ဒေါ်လေးနှင့် ပုရှည်တို့ က ဘာကိုတွေးပြီး သဘောပေါက်သည် မသိ၊ ရယ်မောကာ ...

“ဒေါက်တာ့အတွက် အုန်းကြာဇံ လုပ်ပေးပါတဲ့ ပုရှည်”

“မြပုန်းညက်ကော မစားရသေးဘူးလား”

“နောက်နေ့တွေတော့ စားပါ၊ ရေမချိုးနိုင်သေးရင် အပူကန်မယ်၊ ကျွ န်တော့်အတွက်ဆို မလုပ်နဲ့ တော့ ဒေါ်လေး၊ တော်ကြာ အနားမှာ စားချ

င်တဲ့ သူတွေက သွားရည်ယိုနေဦးမယ်”

“ဘာကြီးမှန်းလည်း မသိဘူး၊ လုပ်ပေးလိုက် ပုရှည်”

အစအနှောက်သန်သော ဒေါက်တာကောင်းမွန်ကို မခင်မင်ဘဲ ခပ်စိမ်းစိမ်း နေ၍ မရတော့။ ထာဝစဉ် မျက်နှာချိုကာ ပြုံးယောင်ယောင် နှုတ်ခမ်းက အရွတ်အနောက်စကားတို့ သည် အတည်ပေါက်ဟန်ဖြင့် စတတ်သည် ။ ဝိုင်းစက်သော မျက်ဝန်းကကြည်လင်ကာ ကရုဏာရိပ် သမ်းနေတတ်သည် ။

“ဒါဖြင့်လည်း ပေးပုရှည်၊ ငါ့ဘာသာ ငါခွဲမယ်၊ အရည်ပဲသောက်မယ်”

“နေပါ ဆရာလေး၊ ပုရှည်တို့ က ကျွမ်းပြီးသား၊ တစ်လုံးတစ်ချက်ပဲ”

ပုရှည်က အုန်းသီးထိပ်ကို တိခနဲ ဖြတ်ကာ ပလတ်စတစ်ပိုက်တံလေးတပ်၍ ဒေါက်တာကောင်းမွန်ကို ကမ်းပေးလိုက်သည် ။

“ဟိတ် … လူနာ၊ ကိုယ့်အစား ကိုယ်စား၊ သူများ သောက်တာ လိုက်ငေးမနေနဲ့ … မျိုမကျဘူး”

အမှတ်မထင် အငေးသူခိုးကို လူမိသွားသဖြင့် ရှက်ကိုးရှက်ကန်း မျက်စောင်းထိုးကာ …

“ဟုတ်တယ် … ဒီက ကလေးကိုး”

ဟု ဆိုကာ ခေါက်ဆွဲပန်းကန်ကို ရှက်ကိုးရှက်ကန်း ဆွဲယူလိုက်ရာ ပူလောင်သွားသည် ။ ထွေးရအခက်မို့ ကျိတ်မှိတ်ကာ မျိုလိုက်ရသည် ။ သူ့ကြောင့်ပေါ့၊ ဘယ်လိုမှန်း မသိဘူး။

ဆယ်ကျော်သက်အရွယ်က မတုန်လှုပ်ခဲ့ဖူးသော တုန်လှုပ်မှုမျိုးကို

ယခု ဖြစ်ပေါ်အောင် သူ လာဖန်တီးနေသည် ။

"ပုရှည် ... ဒီမှာ ဥစ္စာစောင့်တွေဘာတွေ ရှိတတ်သလား"

"ကြုံကြုံဖန်ဖန် ဆရာလေးရယ်၊ ဘာရို့ မေးတာပ၊ မရှိ မရှိ"

ပုရှည်က တအံ့တသြ ငြင်းဆန်သည် ။ မေးခွန်းလည်း ပြန်ထုတ်သေးသည် ကို သူက သဘောကျစွာ ရယ်မောလိုက်စဉ် ညီညာဖြူဖွေးသော သွားစွယ်တန်းလေးနှင့်အတူ ဘယ်ဘက်ပါး၌ ပါးချိုင့်တစ်ဖက် ပါသည် ကို သတိပြုမိပြန်သောအခါ သတိလက်လွတ် ငေးမိလျက်သား ဖြစ်သွားသည် ။ တော်တော်ချောတဲ့ လူပဲ။

"ညကြီးသန်းခေါင် ဆံပင်ဖားလျားနဲ့ သိပ်လှတဲ့ မိန်းကလေးတစ်ယောက် သောင်ခုံမှာ လမ်းလျှောက်နေတာ တွေ့လိုက်ရလို့ "

"ဘုရား ... ဘုရား ... ဆရာလေးကို ဘာ လုပ်သွားသလဲ"

"ဘာ လုပ်သွားသလဲတော့ ငါမသိဘူး၊ ဒါပေမဲ့ ရင်ထဲမှာ ဟာလာဟင်းလင်း ဖြစ်ကျန်ခဲ့တယ်၊ မဟုတ်မှ လွဲရော ... အသည်းနှလုံးကို နှုတ်စားသွားတယ် ထင်တယ်"

မိမိကို တစေ့တစောင်း အကဲခတ်ကာ ခပ်ပြုံးပြုံးလေးစကားဆိုနေသော ဒေါက်တာကောင်းမွန် အကြည့်ကို ဥပေက္ခာပြုကာ ခေါက်ဆွဲပြုတ်ကိုသာ ငုံ့သောက်လိုက်သည် ။ အပျော်အပြက်ပြောသောစကားကို အတည်ယူ၍ ရင်ခုန်ရန် မသင့်ဟု ခံယူထားလိုက်သည် ။

"တော်တော်လှသလား"

ပုရှည်ကတော့ သဘောရိုးနှင့် မေးသည် ကို သူက သဘောကျစွာ ရယ်မောရင်း ...

"ညည်းအစ်မ မြပုန်းညက်လိုပဲ လှတယ်"

ပုရှည်က သဘောကျစွာ၊ ရယ်မောလိုက်သည် ။ ဒေါ်လေးကတော့ စောစောကပင် ရှောင်ထွက်သွားခဲ့ပြီ။

"ခေါက်ဆွဲသောက်မလား၊ ပြုတ်ပေးမယ်လေ၊ လှတယ်ပြောလို့ "

ဟု ခပ်တည်တည်ဖြင့် အကြောင်းရိုက်ပစ်လိုက်သည် ကို ဒေါက်တာကောင်းမွန်က ...

"ကျေးဇူးတင်ပါတယ် ... စားကောင်းအောင် တမင်ပြောတာ မထင်နဲ့ ၊ ဒေါ်လေးက ညနေစာ ဒီမှာ စားဖို့ ဖိတ်ပြီးပြီးသား"

"အင်း ဒေါ်လေးတို့ ကတော့ လုပ်ပြီ၊ ရွှေစွန်ညို ဘာလိုလို့ ဝဲနေမှန်း မသိလေရော့လား"

ဟု ဒေါ်လေးကို စိတ်တွင်းက အပြစ်တင်ချင်သော်လည်း မိမိကို ဂရုစိုက်ကုပေးတဲ့ ဆရာကို မပြစ်မှားကောင်းပါဘူး၊ ဒီထက်မက ကျေးဇူးတုံ့ပြန်ရဦးမှာ ပဲ။

"ရော့ ... သောက်လိုက်ဦးလေ"

ဆေးကို လက်ဝါးထဲ ထည့်ကာ မိမိရှေ့၌ ဖြန့်ပေးသည် ။ ဘယ်လက်က ရေနွေးပန်းကန်ကို ကမ်းပေးပြန်သည် ။ ဒီလောက်တောင် ဘာဖြစ်လို့ ယုယပြတာလဲ။ ဆရာဝန်တိုင်း၏ နှလုံးသားက ဤသို့ နူးညံ့ကြင်နာတတ်သည် လား။ ရင်၌ တမြည့်မြည့် နာကျင်လာသည် ။ "အကြင်နာ အယုယခံထိုက်တဲ့ မိန်းမ မဟုတ်ပါဘူး၊ မကြင်နာပါနဲ့ ဒေါက်တာရယ်"ဟု ကြုံးအော်ပစ်ချင်စိတ် ပေါက်လာသည် ။

"သောက် လိုက်လေ ... ရေနွေးက မှုတ်ထားပြီးလို့ အေးနေပါပြီ၊ ဆေးသောက်ပြီး ပြန်မှိန်းနေလိုက်ဦးနော်၊ ညနေရောက်ရင် လမ်းလျှော

က်ရအောင် ကိုယ်လာခေါ်မယ်”

“ကိုယ့်ဘာသာကိုယ် လျှောက်မှာ ပေါ့”

“မစိမ်းပါနဲ့ သူငယ်ချင်းရယ်”

“ဘာသူငယ်ချင်းလဲ”

“ဘင်္ဂလားသူငယ်ချင်းလေ”

“တော်ပါရှင် ... လူလည်ကျတယ်”

“ကိုင်း ... ကိုယ်သွားမယ်၊ တစ်ရေးပြန်မှိန်းလိုက်ဦးနော်၊ ပုရှည် ငါပြန်မယ်၊ ငါ့အတွက် ထွေထွေထူးထူး ဘာမှ မလုပ်ထားနဲ့ နော်”

“ဒေါ်လေးချက်တာ ဆရာလေးရဲ့ ၊ နေ့တိုင်း ဒီမှာ စားဖို့ ပြောနေတာ ဆရာလေးက ရမှ မရဘဲ”

“အားနာစရာကွယ် ... တော်ကြာ တချို့က ဆေးဖိုးဝါးခနဲ့ မတန် အောင် အခွင့်အရေးယူတယ်လို့ အတင်းပြောနေပါဦးမယ်၊ ညည်းနဲ့ တွေ့မှ ငါလည်း သီလရှင်လုံးလုံး ဖြစ်တော့တာပဲ၊ ဆရာလေး ဆရာ လေးနဲ့ ”

ပုရှည်ကို ရယ်စရာပြောပြီး မိမိထံ ကြည့်သောအကြည့်မှာ လွမ်းရိပ် ဆင်နေသယောင်ယောင်။

သူ၏ မျက်လုံးသည် ကြည်လင်ကာ စကားပြောသော မျက်လုံးများ ဖြစ်သည် ။ ရင်ထဲက စကားကို မျက်လုံးများ ဖြင့် ဖော်ကြူးနိုင်စွမ်းရှိသ ည် ။ နာရီပိုင်းလေးတွေ ခွဲခွာရမှာ တောင် လွမ်းချင်နေပြီလား ဒေါက် တာ။ မိမိကကော ဘာထူးသေးသနည်း။

မိမိမျက်လုံးထဲက လွမ်းမောရိပ်များကို သူရိပ်စားမိမှာ စိုးသဖြင့် မျ

က်နှာချကာ ရေနွေးကြမ်းကို မှုတ်သောက်လိုက်သည် ။ သက်ပြင်းချသံ တစ်ချက်နှင့်အတူ တရွေ့ရွေ့ ထွက်ခွာသွားသော ခြေသံတို့ ပျောက်သွားမှ ပင့်သက်မော ချလိုက်မိသည် ။

နှလုံးသားတံခါးပိတ်ကာ တိတ်တိတ်ကလေး နေသူကိုမှ တံခါးခေါက်နေရသလား ဒေါက်တာကောင်းမွန်ရယ်။

* * * * *

ညနေစာ စားသောက်အပြီး ...

"ဝေးဝေးလံလံတော့ မဟုတ်ပါဘူး၊ လမ်းနည်းနည်းလျှောက်ရအောင်လား မြပုန်းညက်"

ဒေါက်တာကောင်းမွန် ဖိတ်ခေါ်မှုကို မာန်တင်းကာ ငြင်းပယ်လိုက်သည် ။

"ခြေလက်တွေ မသယ်ချင်သေးဘူး ဒေါက်တာ၊ ဒေါ်လေးတို့ နဲ့ လျှောက်လေ"

"ကိုယ့်ကို ဘယ်လိုခေါ်တယ်၊ သူငယ်ချင်းအချင်းချင်း အခေါ်အဝေါ် မစိမ်းသင့်ဘူး"

သူ လူလည်ကျနေသည် ကို သိရက်နှင့်ပင် ...

"အေး ... အေး၊ ငါမေ့သွားလို့ ပါ ကောင်းမွန်ရယ်"

မိမိ၏ ရွဲ့တဲ့ တဲ့ အပြောကိုလည်း သူသည် သဘောကျစွာ ရယ်မောလျက်။

"လာပါ ... သွားရအောင် မာလာငွေဖော့ရယ်၊ မင်းညောင်းရင် ကိုယ်ထမ်းခေါ်ပါ့မယ်၊ ဖျားရင်လည်း အနားက မခွာတမ်း ပြုစုပေးပါ့မယ်၊ စိ

တ်ကြည်လင်သွားအောင်ပါ၊ ထ … ထ”

ပိုင်စိုးပိုင်နင်းဆန်သော အမိန့်ကို အယုအယလေးများ ဖြင့် နားဝင်ချို အောင် သူဆွဲဆောင်နေလေပြီ။ အကြည့် … တောင်းပန်တိုးလျှိုးနေ သော အကြည့်။ သက်ပြင်းငွေ့ငွေ့ ချလိုက်မိသည် ။ မိန်းမသားများ ၏ အတတ်ပညာများ တွင် မိမိကို စိတ်ဝင်စားစွာ ကြည့်တတ်သော ယော ကျ်ားများ ၏ မေတ္တာအတိမ်အနက်ကို အကဲခတ်တတ်ခြင်းပင် ဖြစ်သည် ။ ယခု ဒေါက်တာကောင်းမွန်၏ မျက်လုံးများ သည် မေတ္တာရောင် ဖိတ်ဖိ တ်တောက်နေသည် ။ သူ၏ အကြင်နာအကြည့်သည် မိမိ၏ နှလုံးသား တိုင် ထိုးဖောက်ဝင်ရောက်နေလေပြီ။

ဒေါ်လေးက ခေတ်ရေစီးကြောင်းထဲက အဒေါ်ပီပီ၊ လူငယ်တွေ၏ လွ တ်လပ်ခွင့်ကို မပိတ်ပင်တတ်။ မေမေတို့ ကလည်း ထိုနည်းနှင်နှင်။

သမီးသုံးယောက်စလုံးကို မိမိတို့ ၏ အိမ်ထောင်ဖက်ကို မိမိတို့ စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရှိသည် ။ အမှားအယွင်းရှိလျှင် လမ်းညွှန်ပေး တတ်သည် ။

သို့နှင့် မမကြီးနှင့် အငယ်တို့ သည် သူတို့ နှစ်သက်သူများ နှင့် အသီး သီး အိမ်ထောင်ကျခဲ့ပြီလေ။ မလတ်ဟု အိမ်သားတွေ ခေါ်တတ်သော မိ မိကိုယ်သာလျှင် အပျိုကြီးစာရင်းသွင်းစ ပြုနေလေပြီ။

နေမင်းသည် ငွေပင်လယ်မှာ လှိုင်းစီးရင်း ကမ်းခြေတစ်ဝိုက်ကို နှု တ်ဆက်၍ နေလေပြီ။ တိတ်ဆိတ်စွာဖြင့် အတွေးနွံထဲဆင်းမိတော့ မိမိ ကို ငေးစိုက်ကြည့်တတ်သော သူ့မျက်လုံးများကို မြင်တွေ့လိုက်ရပြန် တော့ ငြင်းပယ်ရန်ပင် မဝံ့ရဲတော့ချေ။ သို့သော် သူက အံ့သြစရာ ကောင်းလောက်အောင်ပင် မိမိ၏ ဝေခွဲမရသော စိတ်ကို နားလည်စွာဖြ င့် …

"နေလေ မြပုန်းညက်၊ စိတ်ပင်ပန်းမယ်ဆိုရင်လည်း နေပါ၊ ကိုယ်လည်း မလျှောက်တော့ဘူး၊ လာ ... ဝရန်တာမှာ ပဲ ထိုင်ပေးရအောင်"

ထမင်းစားခန်းမှ ဝရန်တာသို့ ထွက်လာခဲ့ကြသည် ။ ဧည့်ခန်းမှ ဒရင်းဘက်ကို ဝရန်တာဘက် မထုတ်ပေးကာ ထိုင်ဟု အမိန့်ပေးလိုက်သေးသည် ။ သူကတော့ ဝရန်တာပေါင်ပေါ်တွင် တင်ပလွှဲထိုင်လိုက်သည် ။

"တို့ တော့ လမ်းလျှောက်လိုက်ဦးမယ်ဟော့၊ မလတ် အဖော်ရှိတုန်း"

ဒေါ်လေးသည် ဤကဲ့သို့သော အဒေါ်မျိုး၊ ကိုယ့်တူမနှင့် သူစိမ်းယောက်ျားတစ်ဦး ထားခဲ့ရမှာ ကိုလည်း စိုးစိမ နောက်ဆံမတင်းတတ်။ ပုရှည်က ခရကောက်ရန် ခြင်းတစ်လုံး ဆွဲလျက်ဒေါ်လေးရှေ့မှ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားလေပြီ။

"မြပုန်းညက်"

"ဘာလဲ"

စိတ်လှုပ်ရှားမှုကို ဘုဟောက်သံနှင့် ထိန်းပစ်လိုက်သည် ။

"ကိုယ့်ကို ဘယ်လိုထင်နေလဲ"

"ဘာကိုထင်ရမှာ လဲ"

"အရမ်းလိုက်လျှောနေတာကိုလေ"

"မိန်းကလေး မြင်တိုင်း ရောတတ်တဲ့ ဝါသနာ ပါလို့ နေမှာ ပေါ့"

"ဒါဖြင့် မင်းဘာလို့ လက်ခံသလဲ"

"ပါးရိုက်ပစ်ရမှာ လား ... ခွေးတစ်ကောင်လို မောင်းထုတ်ပစ်ရမှာ လား"

“အာ … တော်ပါတော့၊ ကြောက်ပါတယ်၊ ခုကြည့်စမ်း၊ ဒေါ်လေးက မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း ထားသွားတယ်၊ မင်း မကြောက်ဘူးလား”

“လူလူချင်း ဘာလို့ ကြောက်ရမှာ လဲ”

“ကိုယ့်ကို လူကောင်းတစ်ယောက်လို့ သတ်မှတ်ထားတယ်ပေါ့”

မြပုန်းညက် ဒီတစ်ချီတွင် တော့ သွားပေါ်တဲ့ အထိ ပြုံးလိုက်သည် ။ သူကတော့ ထုံးစံအတိုင်း မိမိကို ရွှန်းလဲ့သောအကြည့်ဖြင့် ငေးနေပြန်သည် ။

“ဒေါက်တာကောင်းမွန်ဟာ မန္တလေးဆေးတက္ကသိုလ်က အမ်ဘီဘီအက်စ်ဘွဲ့ လာယူသူ၊ ဇာတိက ရှမ်းပြည်၊ ဒါပေမဲ့ အခု မန္တလေးမှာ ပဲ ဆမလက်မှတ်ရပြီး ဆေးခန်းဖွင့်မယ်၊ မဖွင့်ခင် အစ်ကိုနဲ့ အတူ ငပလီ အပန်းဖြေလာဖို့ စီစဉ်ခဲ့တာ၊ အစ်ကိုက အရေးကြီးကိစ္စတစ်ခု ပေါ်လာလို့ မလိုက်လာနိုင်သေးဘူး၊ နောက်မှ လိုက်လာလိမ့်မယ်၊ ကဲ … ဦးကောင်းမွန်၊ ရှင့်လိပ်စာပါ ကျွန်မရွတ်ပြရဦးမလား”

မိမိ၏ အောင်နိုင်သူအပြောကို တအံ့တဩဖြင့် နားထောင်နေရာမှ ပြုံးပြုံးကြီးလုပ်ကာ …

“အရေးကြီးဆုံးအချက် ကျန်နေတယ်”

“ဘာလဲ”

“ဒေါက်တာကောင်းမွန်ဟာ လူပျိုတစ်ယောက် ဖြစ်ကြောင်းနဲ့ အပျိုမြင်ရင် အငမ်းမရ ပိုးတတ်ကြောင်းလေ”

“လက်တွေ့ပဲလေ … ယုံပါတယ်”

"ဟာကွာ ... နောက်ပြောတာပါ၊ တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါတည်း ပိုးဖူးပါတယ်"

"သူငယ်ချင်းအဖြစ် ခွင့်ပြုထားတဲ့ ပါမစ် ပြန်သိမ်းရမလား"

"မှန်ရာပြောရင် လူတွေက မကြိုက်ချင်ကြဘူး၊ ရှိပါစေတော့၊ သူငယ်ချင်းပါမစ် ပြုတ်သွားမှာ စိုးလို့ ဘာမှ မပြောတော့ပါဘူး"

"ဘာမှ မပြောတော့ရင်လည်း ပင်လယ်ပြင်ဘက် လှည့်တော်မူပါ။ ငပလီရဲ့ ဆည်းဆာအလှကို ရှုစားတော်မူပါဦး၊ ဘယ့်နှယ် ကျောခိုင်းထားရသလဲ"

မိမိအပြောကြောင့် သူသည် ရှက်ရယ် ရယ်ကာ ဝရန်တာပေါင်ပေါ်မှ ဆင်းကာ ပင်လယ်ဘက် လှမ်းကြည့်လိုက်သည် ။ ပြီးတော့ နှုတ်မှ လည်း ...

"ထပ်သရီး ... ဘယ်မှာ လှလို့ လဲ၊ စောစောက ကိုယ်ရှုစားနေတဲ့ စင်ဒရဲလားလောက် ဘယ်အရာမှ မလှနိုင်တော့ဘူး"

မကြားချင်ဟန်ဆောင်နေပြန်တော့လည်း သူသည် ချက်ချင်းပင် ပြန်လှည့်ကာ တိုင်ကိုကျောမှီရပ်ပြီး မိမိကို ခပ်စူးစူးလေးကြည့်ကာ ...

"ဒီညတော့ စင်ဒရဲလားလုပ်ပြီး သဲပွင့်ရဲတိုက်ဆီ မလာလိုက်နဲ့ နော်၊ ထပ်ဖျားနေဦးမယ်၊ ဖူးစာရှင် ရွေးပွဲမှာ မင်းပဲ ပြိုင်ဘက်မရှိ အနိုင်ရမှာပါ"

"ပေါ်ရဲလိုက်တာနော် ... ဒီလောက်ပေါ်တဲ့ လူမျိုး ကမ္ဘာပေါ်မှာ ရှိသေးတယ်နော်"

လှောင်ပြုံးနှင့်အတူ ပြောပစ်လိုက်မှုကို မျက်နှာမညိုးပါဘဲလျက်လည်း ...

"ရေကူးလိုက်၊ အိပ်လိုက်စားလိုက် လုပ်ရတာ ပျင်းလာတာနဲ့ သဲတွေ ကိုယ်ပေါ်ယက်တင်ရင်း အိပ်လိုက်တာ အိပ်ပျော်သွားတယ်၊ မပျော်ခင် ဘာသတိရသလဲဆိုတော့ ငယ်ငယ်က မေမေပြောဖူးတဲ့ စန္ဒီးဗိုက်ပုံပြင် တို့ စင်ဒရဲလားတို့ ကို သတိရလိုက်တယ်၊ ဒါနဲ့ ကိုယ့်အတွက် စင်ဒရဲ လား ရောက်လာပါစေလို့ ဆုတောင်းရင်း အိပ်လိုက်တာ အိပ်ပျော်သွား တယ်၊ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်နော က်ကို ကိုယ်တအားပြေးလိုက်တယ်၊ မီလုမီခင်မှာ လွတ်ထွက်သွားတယ်၊ သူ့ပဝါလေးသာ လေမှာ လွင့်ပြီး မျက်နှာကို လာမှန်တယ်လို့ လေ"

"ဟင်"

မြပုန်းညက် ညက အဖြစ်အပျက်ကို ပြန်စဉ်းစားမိသည် ။ ပိုးပဝါနဲ့ သာရောင်လေးကို ဆံပင်ဖားလျား မချချင်သဖြင့် စည်းခဲ့သည် ။ သို့သော် ပိုးတို့ သဘောက ချောမွေ့တတ်ကာ လေကလည်း ပြင်းပြင်းဖြင့် ပဝါစ လွင့်သွားခဲ့သည် ။ လွင့်ပါးရာကို လိုက်ကြည့်ရင်း ခေါင်းပြတ်ကြီးဟု ထ င်မြင်မိသောမြင်ကွင်းကြောင့် ပဝါကိစ္စ မေ့သွားခဲ့ခြင်းဖြစ်သည် ။

"ဒါဖြင့် .. ဒါဖြင့်"

ပဝါကမျက်နှာလာမှန်ပြီး ဆက်လွင့်သွားပုံရတယ်၊ ဒါပေမဲ့ ကိုယ်နိုး လာတယ်၊ အိပ်မက်ထဲက မိန်းကလေးရုပ်သွင်ကို သဲသဲကွဲကွဲ မတွေ့ရ ပေမယ့် နုံ့သာရောင်လေး ဝတ်ထားတာကြောင့် ကိုယ်လည်း အရမ်းတုန် လှုပ်သွားတယ်၊ မင်းပြန်မယ်ဆိုတော့ ကမန်းကတန်း လက်ဆွဲထားမိ တာကလည်း အိပ်မက်ထဲမှာ လို ကိုယ့်ကို ထားသွားမှာ စိုးလို့ လေ၊ အဲဒီ အကြောင်းတွေ ပြောပြချင်ပေမယ့် မပြောပြတတ်ခဲ့ဘူး၊ အိပ်မက်ပဲလား လို့ တောင် ထင်နေတယ်"

မိမိ သူ့မျက်နှာကို မျက်တောင်ခတ်ရန်ပင် မေ့ကာငေးမောနားထော

င်ရင်း ရင်မှာ တလှပ်လှပ် ခုန်လာသည် ။ မူးဝေချင်သလိုပင် ဖြစ်မိသည် ။ သူ့မျက်နှာသည် ထိုစကားတို့ ကို ပြောနေချိန်၌ တည်တံ့နေသည် ။

ညမြင်ကွင်းကို အတွေးပန်းချီဖြင့် အသေးစိတ် ပြန်ကောက်ခြယ်မှုန်းပြနေပုံရသည် ။

"မင်း ဒီပေါ်တက်ပြီး ပျောက်ကွယ်သွားတာတောင် မယုံကြည်သလိုပဲ ဖြစ်ကျန်ခဲ့တယ်၊ ဒါနဲ့ ပဝါကိုသတိရပြီး အိပ်ခဲ့တဲ့ နေရာတဝိုက်မှာ သွားရှာတယ် ... တွေ့တယ်၊ ကောက်ယူပြီး ငွေစင်ရော်ကို ချက်ချင်းပဲပြန်၊ အဲဒီက ချာတိတ်ကို နှိုးပြီး မင်းအကြောင်းတွေ စုံစမ်းမေးမြန်းတော့တာပဲ။"

အိပ်မက် မဟုတ်ဘူး ဆိုတာ သိရတော့မှ ပဲ စိတ်ချလက်ချ အိပ်နိုင်တော့တယ်၊ မနက်ရောက်ရင် မင်းဆီကို ပဝါလာပို့ရင်း လာမိတ်ဖွဲ့မယ်ပေါ့။

ဒါပေမဲ့ ပဝါလေးကို ပြန်ပေးရမှာ ကိုယ်နှမြောနေပြန်တယ်၊ မပေးချင်ဘူး၊ အမှတ်တရ သိမ်းထားချင်တယ်

"ခု ဘယ်မှာ လဲ"

"ခေါင်းအုံးအောက်မှာ ... ကိုယ်ပြန်မပေးတော့ဘူး၊ အဲ .. စကားဖြတ်မပြောပါနဲ့ ၊ မနက်ရောက်တော့ ပုရှည် လာခေါ်တာနဲ့ မင်းအတွက် ဇောကပ်ပြီး ပဝါမေ့ခဲ့တယ်၊ ဒါပေမဲ့ မင်းနဲ့ ရင်းနှီးမှု ရရှိသွားပြီဆိုတော့ ပဝါကိစ္စ မလိုတော့ဘူးလေ၊ ဒါကြောင့် ကိုယ်အမှတ်တရ ယူထားလိုက်ပြီ ... ပြန်မပေးတော့ဘူးနော်"

မိမိဘာပြန်ပြောရမည်လဲ။ ရုတ်တရက် မဆုံးဖြတ်တတ်တော့။ ဤလူသားက မိမိတို့ မိန်းမသားထက်ပင် စိတ်ကူးယဉ်ဆန်နေသည် ။

“ပုံပြင်ထဲက စင်ဒရဲလားက ဖိနပ်တစ်ဖက် ကျွတ်ကျန်ခဲ့တယ်၊ ညက ပုန်းညက်မင်းသမီးက ပဝါလေး လွင့်ကျန်ခဲ့တယ်၊ ပုန်းညက်ပင်ကြီး အောက်က ဘန်ဂလိုထဲ ပျောက်ကွယ်သွားတယ်၊ နာမည်ကလည်း မြပုန်းညက်တဲ့ ၊ အခုထက်ထိ ရင်မှာ တစ်မျိုးပဲ၊ တစ်မျိုးမှ တကယ့်တစ်မျိုးကို ခံစားနေရတယ်၊ မင်းကို မျက်စိအောက်က ပျောက်သွားမှာ တောင် စိုးရိမ်နေသလိုပဲ”

“ကြောင်လှချည်လား ဆရာဝန်ကြီးရယ်၊ ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး ရှင့်အတွေးအခေါ်တွေက ကြောင်လှချည်လား”

“စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားခံစားမှုဟာ ခေတ်ရဲ့ အတတ်ပညာတွေနဲ့ မဆိုင်ဘူးထင်တယ်၊ သမာဓိ စိတ်တန်ခိုးစွမ်းအင်နဲ့ သာဆိုင်တာလို့ ကိုယ်တော့ ယုံကြည်တယ်”

“စိတ်ပညာ ပါရဂူကြီးနဲ့ လာတွေ့ပြန်ပြီ”

သူ့ရင်မှာ လှုပ်ရှားရိုက်ခတ်လာသော ခံစားမှုများကို မိမိကို ကူးစက်မှာ စိုးမိသဖြင့် ရယ်မောခြင်းဖြင့် သူ့စကားများကို ပေါ့စေသည် ။ သည့်အတွက် သူစိတ်ထိခိုက်ဟန်တူသည် ။ ကြည်လင်နေတတ်သော သူ့မျက်နှာ မှိုင်းဝေသွားသည် ။

ထောင်တန်စကားကို ရယ်တယ်လားဟု တီးတိုးမေးသည် ။

ထောင်တန်တယ် သံယောင်လိုက်ကာ ရယ်မိပြန်တော့ ..

“ဟုတ်တယ်လေ … ထောင့်ငါးရာတန်တဲ့ စကားပဲ”

ဟု ရှုတင်းတင်း ပြန်ပြောစဉ် မိမိက အရယ်မပျက်ခဲ့။

“လျှော့ပါဦး … ငါးရာနှစ်ဆယ့်ရှစ်ပဲ ထားပါ”

ဟု ဟန်မပျက် ပြန်ပြောနိုင်ခဲ့သည် ။

ဒေါ်လေးတို့ ပြန်ရောက်လာသဖြင့် စကားစပြတ်သွားခဲ့သည် ။ ဒေါ်လေးနှင့် စကားတစ်ခွန်းစနှစ်ခွန်းစ ပြောပြီး သူပြန်သွားလေသည် ။ သွားခါနီး၌ မိမိအနားကပ်ကာ ညကျ ဂီတာတီးမယ် နားထောင်နော်ဟု ပြောသွားသေးသည် ။

* * * * *

ပြောသွားခဲ့သည့်အတိုင်း သူသည် မိမိတို့ ဘန်ဂလိုရှေ့သဲသောင်ခုံပေါ်၌ အကျအန ထိုင်ကာ ဂီတာတစ်လက်နှင့် အလုပ်ရှုပ်နေခဲ့သည် ။ ထိုအချိန်၌ မိမိသည် မျက်ရည်ပင်လယ်၌ အပန်းကြီးစွာ ကူးခတ်နေရကြောင်းကို သူသိမည်မထင်ပါ။

တိုက်ဆိုင်မှုလေးတွေ ရှိလာသည့် အခိုက်အတန့်၌ နှလုံးသား တစ်နေ ရ ၁ရ ၁မ ၂၁ လျှို့ဝှက်သိပ်သည်းစွာ ပုန်းအောင်းနေခဲ့သော အနာဟောင်းသည် ဟု န်းခနဲ အုံကြွကာ အလွမ်းဝေဒနာပေးတတ်ကြောင်း ခံစားဖူးသူမှ နားလည်လိမ့်မည် ထင်ပါသည် ။

တိုက်တိုက်ဆိုင်ဆိုင် သူရယ် ...။

“မောင့်လပြည့်ဝန်း ... စိတ္တဇအလွမ်း” စသည့်သီချင်းများကိုမှ တီးခတ်နေရသလား။

ထိုသီချင်းများ သည် မိမိအား အလွမ်းမီးလာညှိပေးခြင်းဖြစ်ကြောင်း သူသိပါလျှင် မည်သို့ရှိချေမည်နည်း။

*

# အခန်း(၃)

စိတ်လက်ပေါ့ပါးစွာဖြင့် ကမ်းစပ်ကို ဆင်းခဲ့သည် ။

ဖိနပ်ပါးပါးလေးနှင့် ခြေဖဝါးကြားထဲသို့ သဲနုနုမွမွလေးများ တိုးဝင်ကျီစယ်မှုကို နှစ်ခြိုက်စွာ ခံယူရင်း ဦးတည်ရာမဲ့ လျှောက်လာခဲ့သည် ။

"ဟိတ် ..."

"အမေ့ ..."

အနီးကပ် ပြုလိုက်သောအသံကြောင့် အာမေဋိတ်သံ ထွက်သွားရသည် ။ ကြည်လင်သောမျက်ဝန်းနှင့် အပြုံးဆမ်းထားသော မျက်နှာပိုင်ရှင်ကောင်းမွန်သည် ဘေးမှ ကျော်ကာ ရှေ့မှ ပိတ်ရပ်ထားသည် ။

"ဒါကဘယ်လဲ"

"ဘယ်သွားသွားပေါ့"

"မနက်စာ ဆေးသောက်ပြီးပြီလား"

"ဆရာဝန်ရယ်လို့ မပြောရဘူး၊ လူတွေ့တာနဲ့ လူနာပဲ မှတ်နေသလား၊ ဖျားမှ မဖျားတော့ဘဲ၊ ဘာလို့ သောက်ရမှာ လဲ"

"ခက်လိုက်တာ ... ကို့စ်ကုန်အောင် သောက်မှ ပေါ့၊ ကိုင်း ... လာ ... ငပလီ ရွာလယ်လမ်းကနေ ဖြတ်ပြီး ဈေးထဲသွားရအောင်၊ ရခိုင်မုန့်တီ သွားစားမယ်"

ကြိုက်ဘူးဟု ပြောလိုက်ပြီးမှ မိမိအပြောတို့ ကို ပြောင်းလဲရန် သတိရလိုက်မိသည် ။ မကြိုက်ဘူးဟု ပြောသင့်ပါလျက် မတစ်လုံးပြုတ်သွားခြင်းကြောင့် ခနဲ့ သလိုလို ဖြစ်သွားသည် ကို မိမိသိပါသည် ။ သို့သော် ပြောပြီးသွားပြီပဲ။

"ရခိုင်မုန့်တီက နာလန်ထစ လူနာတွေနဲ့ တည့်တယ်၊ လာပါ ... နေကောင်းသွားတာနဲ့ ဆရာဝန်ကို ကာမပြန်နဲ့ "

သူ့အလိုကို လိုက်လျောချင်စိတ်များကို အတတ်နိုင်ဆုံး ဆန့်ကျင်ပါသည် ။ သို့သော် ခေါင်းညိတ်မိရက်သား ဖြစ်သွားပြီ။ အစက မိမိသည် အင်မတန် ခေါင်းညိတ်ခဲသော မိန်းကလေးဖြစ်ပါလျက် သူနှင့်ကျမှ ။ ပင့်သက်မောနှင့်အတူ သူနှင့်ယှဉ်တွဲလျှောက်လှမ်းမိနေလေပြီ။

"ရခိုင်မုန့်တီ တကယ်မကြိုက်ဘူးလား"

"အင်း ... စပ်လို့ "

"စပ်တာ မဟုတ်ပါဘူး၊ ပူတာပါ၊ လေတိုက်ခံပြီး ရခိုင်မုန့်တီပူပူလေး သောက်လိုက်ရင် ချွေးလေးတွေ စို့ပြီး အဖျားကြွင်းကျန်လေးတွေပါ ထွက်ပြေးသွားမှာ သေချာတယ်"

သူ့စကားကို ဘာမှ မတုံ့ပြန်မိသောအခါ တိတ်ဆိတ်သွားသည် ။ သူသည် ဘေးချင်းယှဉ်လျက်မှ မိမိအား ငဲ့စောင်းအကဲခတ်နေကြောင်းကို မိမိ အလိုလို သိမြင်နေသည် ။ ထို့အပြင် တွေ့တွေ့သမျှ လူတို့ သည် မိမိတို့ နှစ်ဦးအား အားကျသော မျက်ဝန်းများ ဖြင့် ငေးစိုက်ကြည့်နေကြောင်းကို သတိထားမိပြန်တော့ ရှက်သလိုလို ကြည်နူးသလိုလို ခံစားလိုက်မိသည် ။

"ပတ်ဝန်းကျင်က ကိုယ်တို့ ကို ဘယ်လိုထင်ပြီး ကြည့်နေကြသလဲ မ

သိဘူးနော်”

မိမိသတိပြုမိသောအချက်ကို သူသည် လည်း သတိပြုမိဟန်တူသည် ။ ဖွင့်ပြောလာသောအခါ အမြင်ကတတ်စွာ တမင်ရွဲ့၍

“မောင်နှမ ထင်မှာ ပေ့ါ”

“ဟတ် ... ဟား၊ ဘင်္ဂလားပြည်ကလာတဲ့ မောင်နှမလား”

“တော်ပါ လျှာအရိုးမရှိတိုင်း၊ အားကြီး စကားများ တာပဲ”

“ဒါတော့ မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါလေ၊ ခု ရှေ့နေနားနီး ရှေ့နေမို့ စကားများ မိတာပါ”

“ရှေ့နေကတောင် ဩချယူလောက်ပါပေတယ်”

ငပလီဈေးထဲသို့ ဝင်လာသောအခါ သူက ရခိုင်မုန့်တီဆိုင်သို့ တန်း ခေါ်သွားသည် ။ ခွေးခြေပုကလေးများ တွင် ထိုင်လိုက်ကြရင်း သူကပင် မုန့်တီအရည်နှစ်ပွဲဟု မှာ လိုက်သည် ။ မိမိက ရခိုင်မုန့်တီအသုပ်သာ စားတတ်သည် ။ သို့သော် ယခု ငြင်းဆန်ရန် ဝန်လေးနေသည် ။ ဈေးသည် ကတစ်ဆင့် သူ လှမ်းယူပြီး မိမိရှေ့ ချထားပေးသော မုန့်တီကို ခပ် သောက်လိုက်သည် ။

ပူပူလောင်လောင်၊ ရှတတ အရသာနှင့်အတူ ရှူးရှူးရှားရှား ဖြစ်လာ ကာ နှာရည်များ ပင် ယိုစီးလာသောအခါ သူသည် ချွေးသုတ် ပဝါလေး ကို ကမ်းပေးရင်း ...

“ကောင်းတယ် ... ချွေးထွက် လာပြီ မဟုတ်လား၊ ချွေးနဲ့ အတူ အဖျားလက်ကျန်ရှိရင်တောင် ရှင်းသွားပြီ”

သူပေးသော လက်ကိုင်ပဝါကို မယူဘဲ ခါးကြားမှ လက်ကိုင်ပဝါကို

ဖြုတ်ကာ နှပ်သုတ်လိုက်ရသည် ။

“ဒါနဲ့ ချွေးသုတ်လေ”ဟု ပြောပြီး သူ့ချွေးသုတ်လက်ကိုင်ပဝါလေးကို ပေါင်ပေါ်သို့ ပစ်တင်ပေးလိုက်သည် ။ တရင်းတနှီးနိုင်သော သူ့အပြုအမူတို့ ကို ဟန့်တားရန် မေ့လျော့နေသည် ။

“ထပ်ထည့်ပါဦးလား”

“အား ... တော်ပြီ ... ပူတယ်”

သူကတော့ နှစ်ပန်းကန်ကို အသာလေး စားနိုင်သည် ။

“ချွေးသုတ် လိုက်လေ ... ချွေးနဲ့ အအေးပြန်ပတ်သွားဦးမယ်”

ငွေရှင်းပြီး ထွက်လာစဉ် သူပြောလိုက်မှ သူ့ပဝါကို ယောင်ကိုင်ထားမိရာမှ ပြန်ပေးရန် ကမ်းလိုက်စဉ် ...

“ဟာ ... သုတ်ဆို သုတ်လိုက်ပါကွာ၊ လည်ပင်းမှာ တောင် ချွေးတွေ ရွှဲနေပြီ၊ အအေးမိမှာ စိုးလို့ ပြောနေတာ၊ ဘာလဲ ... ကိုယ်တိုင်သုတ်ပေးရမလား”

စူးနင့်သောအကြည့်နှင့် ပြောလာသော ခပ်မာမာလေသံကြောင့် ရင်ထဲတစ်မျိုး ဖြစ်သွားသည် ။ မိမိလိုက်လျောမှုများကြောင့် သူသည် မိမိကို ပိုင်စိုးပိုင်နင်း စကားများ ဆိုနေခြင်းလား၊ မည်သို့ဆိုစေကာမူ အအေးမိမှာ စိုးလို့ ဟူသော စကားရပ်ကြောင့် မလွန်ဆန်တော့ဘဲ နားသယ်စပ်နှင့် လည်ပင်းတစ်ဝိုက်မှာ သီးသီးထနေသော ချွေးပေါက်များကို သုတ်လိုက်မိသည် ။ ထိုအခါကျမှ သူသည် ကျေနပ်စွာပြုံးလျက် “ဒီလိုလိမ္မာမှပေါ့ ကလေးရယ်”ဟု ဆိုလာသဖြင့် ...

“အံမယ် ... သူ့အသက်က ဘယ်လောက်ရှိလို့ လဲ၊ ဒီကထက် ငယ်မယ်ထင်တယ်”

သူ့အသက် ကိုယ့်အသက် မညာတမ်း ဖွင့်မိကြသောအခါ အံ့ဖွယ် ကောင်းလှသည် ။ မိမိတို့ နှစ်ဦးသည် ဇူလိုင်လ(၉)ရက်နေ့ဖွားများ ဖြစ် နေသည် ။ တစ်ရက်တည်း မွေးဖွားခဲ့ကြသူများ ပင်။ သူက နံနက်စော စော မွေးပြီး ညသန်းခေါင်နီးမှ မွေးဖွားသူဖြစ်သည် ။

"မင်းထက် ကိုယ်က တစ်ရက်နီးပါးကြီးတယ်၊ ရိုရိုသေသေ ဆက်ဆံ နော် ကလေးမ"

မိမိရောသူပါ နေ့နံသင့် မမှ ညီ့ကြခြင်းကလည်း တူညီနေသဖြင့် စိ တ်ထဲ၌ သံယောဇဉ်နွယ်တို့ သည် ရစ်ပြီးရင်း ရစ်ပတ်နှောင်ဖွဲ့နေလေပြီ။

"ဘယ်လမ်းသွားနေတာလဲ"

ကတ္တရာလမ်းမကြီးအတိုင်း လျှောက်နေခြင်းကို ခရီးအတော်ရောက် မှ သတိပြုမိကာ မေးလိုက်သည် ။ တစ်ဖက်တစ်ချက်၌ တပ်ရှိနေသည် ။

"ဒါခလရ(၅၅)လေ"

"ဪ ... မသိရှာလို့ ပြောပါဦး"

"ဆက်သွားရင် ဝါးတောင်ကွင်းတို့ ရွှေဝါချိုင့်တို့ ဆက်ရောက်လိမ့်မ ယ်၊ ဒါပေမဲ့ ပြန်ကြရအောင်၊ မြပုန်းညက်က နာလန်ထစဆိုတော့ ပင်ပန်းမှာ စိုးတယ်၊ နောက်နေ့ကျမှ ကိုယ် ကားငှားပြီး အနှံ့လိုက်ပို့ပေး မယ်"

"ဘယ်သူက လိုက်မယ်ပြောလို့ လဲ၊ ဒီက ပင်လယ်လေတဝရှူနေရင် ကျေနပ်ပြီး အပန်းဖြေဖို့ တမင်လာတာ၊ ကျန်တဲ့ နေရာတွေ ရောက်ဖူးပြီးသား"

"ဪ ... ဟုတ်သားပဲ၊ ကိုယ်မေ့သွားတယ်၊ မြပုန်းညက် အဖိုးအဖွားတွေက ဒီဇာတိတွေပဲ"

“တို့ အကြောင်း တော်တော်သိတယ်နော်”

“ဒီလိုပဲ စိတ်ဝင်စားတော့ စုံစမ်းရတယ်”

သူ့စကားသည် နောက်ဆုံးဘူတာဆိုက်တော့မည်ဖြစ်၍ စကားလမ်းကြောင်းကို ရှာဖွေလွှဲလိုက်သည်။

“တို့ အုန်းရေသောက်လို့ ရပြီလား”

“ရပြီ ... ကမ်းခြေမှာ လေညှင်းခံရင်း သောက်လေ၊ ကိုယ် စီစဉ်ပေးမယ်”

“တော်ပါပြီ ... ခပ်ကြောင်ကြောင်အလုပ်မျိုး တို့ သိပ်ဝါသနာ မပါဘူး၊ နေပူထဲ ထီးရိပ်မိုးပြီး အပန်းဖြေတာကိုတွေ့တိုင်း တို့ သိပ်ရယ်ချင်တာပဲ”

“ညကြီးသန်းခေါင် လမ်းလျှောက်တာကော မကြောင်ဘူးလား”

“သဲစောင်ခြုံတာလောက်တော့ ကြောင်မယ်မထင်ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ ... စိတ်ကူးအယဉ်လွန်သွားလေလေ လူတွေဟာ ကြောင်သွားလေလေပဲ ဖြစ်မှာ ပဲ၊ ပုထုဇ္ဇနော ဥမ္မတကောလေ”

ရောက်တတ်ရာရာ စကားများကို ပြောဆိုရင်း တိမ်ပြာသို့ ပြန်ရောက်လာကြသည်။

“ကိုယ် ရေသွားကူးဦးမယ် ... မြပုန်းညက်ကော”

“ဟင့်အင်း ... မကူးတော့ဘူး”

“ဒါဖြင့် ကိုယ်လည်း မကူးတော့ဘူး”

မြပုန်းညက်တို့ ဆီမှာ အကြည့်ရဲရဲနှင့် နှုတ်က တီးတိုးပြောဆိုလာမှုကို ဝမ်းနည်းစွာဖြင့် ခေါင်းခါရင်း ...

"မြပုန်းညက် လွတ်လွတ်လပ်လပ် နားချင်ပါတယ်၊ ကောင်းမွန်ရှိနေရင် စိတ်ကျဉ်းကျပ်သလိုပဲ"

"ကိုယ်ကတော့ မင်းအနားနေရရင် ပျော်တယ်၊ စက္ကန့်အပိုင်းအခြားလောက်တောင် ဝေးမနေချင်ဘူး"

"ပေါ်ရဲလိုက်တာ ... ဘာဆိုင်သလဲ"

"ဆိုင်ချင်နေတယ် ... ပြီးတော့ ပိုင်ချင်တယ်၊ ဒါကြောင့် မင်းအပါးကို ချဉ်းကပ်နေတာ ... သဘောပေါက်"

"ဆောရီးကမ္ဘာ ... တို့ ဘဝကို ဘယ်သူ့ကိုမှ ပိုင်ဆိုင်ခွင့်မပေးနိုင်ဘူး ဆိုတာလည်း သဘောပေါက်"

သူ့ထံမှ တုံ့ပြန်မှု မလာခင် ကျောခိုင်းခဲ့သည် ။ ဘန်ဂလိုပေါ် ပြေးတက်ခဲ့သည် ။ ရင်ထဲမှ ဝေဒနာရိပ်တို့ သည် အဖော်အဖြစ် လိုက်ပါလာကြသည် ။ သူဘယ်လိုဖြစ်ကျန်ခဲ့သလဲ သိချင်သော်လည်း လှည့်မကြည့်ဖြစ်ရန် သတိထားလိုက်ရသည် ။ စိတ်ပင်ပန်းဆင်းရဲလေစွ။

"ဟင် ... ဘယ်လိုဖြစ်လာတာလဲ မလတ်၊ ဒေါက်တာကော"

"ဟာ ... ဒေါ်လေးကလည်း ၊ သူ့ရိပ်သာ သူပြန်မှာ ပေါ့"

"ဟဲ့ ... ဒေါက်တာ့ကို ဒေါ်လေးတို့ ရှိနေသရွေ့ ဒီမှာ ပဲ ညမနက် တာဝန်ယူထားတာ"

"ဟင် မြပုန်းညက်လည်း မသိပါလား၊ ဘာအတွက် ယူထားရတာလဲ၊ ဆေးဖိုးမပေးရတာနဲ့ ကျွေးတာ ဆိုရင်တော့ မတန်ဘူးနော်"

"မဟုတ်ပါဘူးအေ ... ဒေါက်တာ့ရိပ်သာက ကောင်လေးနဲ့ ပုရှည်နဲ့က မြန်းထားပြီးသား၊ ပုရှည်ကလည်း သူ့လူသက်သာအောင် ဒေါက်တာ့

ကို တာဝန်ယူ ချက်ပေးပြီး ပို့နေရတဲ့ အတူတူ ဒီမှာ ပဲ လာစားလို့ ပြော လိုက်တာ၊ ပုရှည်ကို သူ့ကောင်လေးက လာကူလုပ်ပေးပါတယ် ... သွားကြည့်ပါလား”

မသိမသာ မီးဖိုချောင်ဘက် အကဲခတ်လိုက်သည် ။ ပုရှည်ဘေးတွင် ငါးကိုင်နေသော လူရွယ်တစ်ဦး၏ ပီတိဖြာနေသော မျက်နှာနှင့် ဆန်ဆေးရင်း တွတ်တီးတွတ်တာ ပြောနေသော ပုရှည်တို့ ကို တွေ့လိုက်ရသည် ။

ချစ်သူတိုင်းသည် အခွင့်အခါပေးလျှင်ပေးသလို တပူးပူးတတွဲတွဲ နေချင်ကြသည် မှာ ဓမ္မတာပါလားဟု သဘောပေါက်လိုက်မိသည် နှင့် တစ်ပြိုင်နက် ရင်မှာ စူးရှနာကျင်သွားရသည် ။

ပုန်းညက်ပင်ကြီးအောက်၌ ထီးတည်း ကျန်ရစ်ခဲ့ရှာမည်ဖြစ်သော ဒေါက်တာကောင်းမွန်ကို မြင်ယောင်မိပြန်တော့ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည် ။

ဒေါက်တာကောင်းမွန်သည် မိမိချစ်သူမှ မဟုတ်ပေပဲ။

နံနက်စာ ထမင်းစားချိန်ကို သတ်မှတ်ထားသော ဆယ့်တစ်နာရီအချိန်၌ ဒေါက်တာကောင်းမွန် ရောက်မလာသဖြင့် ပုရှည်ကို လွှတ်၍ ခေါ်ခိုင်းရသည် ။

လာမစားတော့ပါဘူး၊ နောက် မောင်မောင့်ကိုသာ ချိုင့်နဲ့ လာယူခိုင်းတော့မယ်ဟူသော စကားကြောင့် မြပုန်းညက် ရင်ထဲ ဆွတ်ဆွတ်ကြင်ကြင်ကလေး ခံစားလိုက်ရသည် ။

“ဘာဖြစ်လို့ စိတ်ပြောင်းသွားရပါလိမ့်၊ အစက သူပဲ အားလုံးဒုက္ခများ ပါတယ်၊ ဒီမှာ ပဲ စားမယ်လို့ ပြောခဲ့ပြီးတော့ ခုတစ်မျိုး

ပါလား၊ ရွှေမလတ်နဲ့ ဘာဖြစ်ပြန်ပြီလဲ”

ဒေါ်လေး၏ မယုံသင်္ကာအပြောကို ခေါင်းညိတ်ပြရင်း အမှန်တိုင်းပင် ...

“သူက ဒီမှာ ပဲ လိုက်နေချင်တာ၊ မြပုန်းညက်က အနေကျဉ်းကျပ်တယ် ပြောလိုက်လို့ နေမှာ ပေါ့၊ နေပါစေ ... ယောက်ျားတန်မဲ့ အကျင့်ပါတယ်”

ဟု ပြောလိုက်သော်လည်း ထမင်းစားရသည် ကိုပင် အရသာ မတွေ့မိတော့။

သူနှင့်ပတ်သက်လာလျှင် အသေးအမွှားကိစ္စလေးတွေကိုပါ ထိထိခိုက်ခိုက် ခံစားတတ်လာသော မိမိစိတ်ကို တုန်လှုပ်စွာ သိမြင်လိုက်သည်။

အံ့ဖွယ်ကောင်းသော သံယောဇဉ်တစ်မျှင်သည် မိမိ၏ နှလုံးသားကို ရစ်ပတ်နွယ်ငင် နေပါပကောလား။

*